ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

# လွိုင်ကော်ခရိုင်တရားရုံး

## ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆

## ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်

## ယုံကြည်အောင်ပြောဆိုရယူသွားသောစိန်ထည်ဖိုးငွေ(၁၂၈၄၀၀၀၀)ကျပ်နှင့် ကြာမြင့်ချိန်များအတွက်နစ်နာကြေးငွေ(၁၂၁၆၀၀၀၀)ကျပ်၊ စုစုပေါင်းသိန်း(၂၅၀)ကျပ်ရလိုမှု

ဒေါ်လေးလေးမြင့် နှင့် မသန်းသန်းတင့်

တရားလို — တရားပြိုင်

တရားလိုအတွက် - ဒေါ်အိမွန်စံ၊ တရားလွှတ်တော်ရှေ့နေ
တရားပြိုင်အတွက် - ဒေါ်ခိုင်ရွှေဝင်း၊ တရားလွှတ်တော်ရှေ့နေ

### စီရင်ချက်

အမှုမှာတရားလိုဒေါ်လေးလေးမြင့်က တရားပြိုင်မသန်းသန်းတင့်အပေါ်ယုံကြည်အောင် ပြောဆိုရယူသွားသောစိန်ထည်ဖိုးငွေ(၁၂၈၄၀၀၀၀)ကျပ်နှင့်ကြာမြင့်ချိန်များအတွက် နစ်နာကြေးငွေ(၁၂၁၆၀၀၀၀)ကျပ်၊ စုစုပေါင်းသိန်း(၂၅၀)ရလိုကြောင်းစွဲဆိုမှုဖြစ်သည်။

တရားလို၏အဆိုလွှာတွင် တရားပြိုင်မှာတရားလိုထံမှ စိန်ထည်လက်ဝတ်ရတနာများအားရောင်းချပေးပါသည်ဟု ယုံကြည်အောင်ပြောဆိုပြီး (၂၆-၃-၂၀၁၆)ရက်နေ့ကစ၍ ယူဆောင်သွားခဲ့ကြောင်း၊ ထိုသို့ယူဆောင်သွားပြီးနောက် တရားပြိုင်ထံတွင် စိန်ထည်လက်ဝတ်ရတနာဖိုးရရန်(၁၂၈၄၀၀၀၀)ကျပ်ကျန်ရှိနေကြောင်း(၁၈-၁၀-၂၀၁၆)ရက်နေ့နှင့် နောက်ရက်များတွင်အမျိုးမျိုးတောင်းခံခဲ့သော်လည်းယနေ့အချိန်အထိပေးဆပ်ခြင်းမရှိကြောင်း၊ တရားပြိုင်၏ ပျက်ကွက်မှုကြောင့် တရားလိုတွင်များစွာနစ်နာလျက်ရှိပြီး၊ ၎င်းစိန်ဖိုးများအား တရားပြိုင်ပေးဆပ်ခဲ့မည်ဆိုပါက ၎င်းစိန်ဖိုး၏(၂)ဆမက အမြတ်ငွေကြေးများစွာရရှိမည်ဖြစ်ကြောင်း၊ ထို့အတွက် တရားလိုမှတရားပြိုင်၏ကိုးကွယ်ရာ အိုလမာသာသနာပညာရှင်များအဖွဲ့သို့ (၂၁-၁၀-၂၀၁၆)ရက်နေ့က အကြောင်းကြားစာ(၁)စောင်နှင့် သက်ဆိုင်ရာဌာနများသို့အကြောင်းကြားစာပေးပို့ခဲ့သော်လည်း တရားပြိုင်မှ ပြေလည်အောင်ဖြေရှင်းဆောင်ရွက်ခြင်းမရှိကြောင်း အဆိုပြု စွဲဆိုသည်။

တရားပြိုင်ကချေလွှာတွင် တရားပြိုင်သည် လွိုင်ကော်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ လွိုင်ကော်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်နေသူဖြစ်၍ သက်ဆိုင်ရာအသိမိတ်ဆွေများ၊ ရင်းနှီးသူများကျယ်ကျယ်ပြန့်ပြန့်ရှိကြောင်း တရားလိုက သိရှိ

အစစ်နှင့်မိတ္တူမှန် ဖြစ်ကြောင်း
စစ်ဆေးပြီး

အခွင့်ရအရာရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100



သဖြင့် ၎င်း၏စိန်ထည်များရောင်းချပေးရန် လာရောက်ကမ်းလှမ်းပြောဆိုရာမှ တရားလိုက (၃-၃-၂၀၁၆)ရက်နေ့ကစ၍ ၎င်း၏စိန်ထည်များကို တရားပြိုင်ထံလာရောက်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုက ရောင်းချပေးရန် တရားပြိုင်ထံလက်ရောက်အပ်ခဲ့သည့် ပစ္စည်းများမှာ နောက်ဆက်တွဲစာရင်း(၁)ပစ္စည်း(၉၉)မျိုး(၈၉၅၆၀၀၀)ကျပ်ဖြစ်ကြောင်း၊ တရားလိုလာရောက်ပေးအပ်သည့်ပစ္စည်းများကို တရားပြိုင်ကတစ်ဦးတည်းရောင်းချခြင်းမပြုဘဲ တရားပြိုင်၏မိတ်ဆွေဒေါ်မိုးမိုးငယ်ကရောင်းချပေးမည်ဟုပြော၍ လိုက်လံရောင်းချပေါင်နှံမှုပြုလုပ်ခဲ့ကြောင်း တရားပြိုင်နှင့် ဒေါ်မိုးမိုးငယ်တို့ရောင်းချသည့် ပစ္စည်းရငွေစုစုပေါင်းငွေကျပ်(၂၁၅၆၀၀၀၀) ဖြစ်၍ တရားလိုသို့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ဒေါ်မိုးမိုးငယ်က တရားပြိုင်ထံက ရယူသည့် ပစ္စည်းများကို ပေါင်နှံခဲ့ရာ ပေါင်နှံသည့်ပစ္စည်းများကိုပြန်လည်ရွေးယူပြီး အဆိုပါပစ္စည်းများကို တရားလိုထံသို့လက်ရောက်အပ်နှံခဲ့ပြီးဖြစ်ကြောင်း၊ ပြန်လည်အပ်နှံခဲ့သည့်ပစ္စည်းစာရင်းနောက်ဆက်တွဲ(၂)အဖြစ်ပူးတွဲတင်ဆက်ကြောင်း၊ တရားလိုကိုယ်တိုင် ရေးသားဖော်ပြခဲ့သည့် စာရင်းဖြစ်ပြီးပြန်ရွေးယူသည့်ပစ္စည်းစာရင်းတန်ဖိုးမှာ ငွေကျပ်(၆၈၉၁၀၀၀၀)ဖြစ်ကြောင်း တရားလိုက တရားပြိုင်ထံအပ်နှံခဲ့သည့်ပစ္စည်းအရေအတွက်နှင့်တန်ဖိုးကျသင့်ငွေမှာ ငွေကျပ်(၈၉၅၆၀၀၀၀) ဖြစ်ပြီး၊ တရားလိုထံပြန်လည်အပ်နှံသည့်ပစ္စည်းများ၏တန်ဖိုး(၆၈၉၁၀၀၀)ဖြစ်၍ တရားလိုနှင့် ဒေါ်မိုးမိုးငယ်တို့က တရားလိုထံပေးအပ်ရန်ပစ္စည်းတန်ဖိုးအနက်ငွေကျပ်(၂၁၅၆၅၀၀၀)ကို တရားလိုသို့ပေးဆပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တရားလိုအားပေးဆပ်ရန်ကျန်ငွေမှာ ငွေကျပ် (၉၁၅၀၀၀) သာဖြစ်ကြောင်း၊ တရားလိုတွင်နစ်နာမှုမရှိကြောင်း၊ ဒေါ်မိုးမိုးငယ်ပေါင်နှံခဲ့သော စိန်ထည်ပစ္စည်းများကို တရားလိုမှရွေးနှုတ်ရယူခဲ့ပြီးဖြစ်၍ တရားလိုနှင့်ဒေါ်မိုးမိုးငယ်အကြား ဖြေရှင်းရမည်ကိစ္စဖြစ်ပြီး တရားပြိုင်မှဖြေရှင်းရန်အကြောင်းမရှိ၍ တရားပြိုင်အပေါ် တရားစွဲဆိုရန်အကြောင်းမရှိကြောင်းချေပသည်။

တ၊ကျ-၁၁
(handwritten signature)
( ၂၃-၆-၁၇ )

အဆိုလွှာအချေလွှာအရ ရုံးတော်မှအောက်ပါငြင်းချက်များကိုထုတ်ခဲ့သည်။

ငြင်းချက်များ

၁။ တရားပြိုင်သည် တရားလိုထံမှရောင်းချပေးရန်ရယူထားသောစိန်ထည်လက်ဝတ်ရတနာဖိုးများအနက် (၁၂၈၄၀၀၀၀)ကျပ်ပေးရန် ကျန်ရှိနေသည်ဆိုခြင်းမှာ မှန်ပါသလား။

(သို့မဟုတ်)

တရားပြိုင်သည် တရားလိုအပ်နှံခဲ့သည့် တန်ဖိုးငွေကျပ်(၈၉၅၆၀၀၀၀)တန်ဖိုးရှိပစ္စည်းများအနက် ငွေကျပ်(၆၈၉၁၀၀၀၀)တန်ဖိုးရှိ ပစ္စည်းများကို တရားလိုထံပြန်လည်အပ်နှံပေးခဲ့ပြီး၊ ပစ္စည်းဖိုးငွေကျပ်(၂၁၅၆၅၀၀၀)ကိုပေးချေခဲ့ပြီးဖြစ်၍ ပေးဆပ်ရန် ကျန်ငွေမှာ(၉၁၅၀၀၀)သာကျန်ရှိသည် ဆိုခြင်းမှာမှန်ပါသလား။

၂။ တရားလိုသည် တရားပြိုင်ထံမှ စိန်ထည်ပစ္စည်းဖိုးငွေကျပ်(၁၂၈၄၀၀၀၀) နှင့် နစ်နာကြေးငွေ(၁၂၁၆၀၀၀၀)ကျပ် စုစုပေါင်းငွေကျပ် သိန်း(၂၅၀)ရထိုက်ခွင့်ရှိသည်ဆိုခြင်းမှာ မှန်ပါသလား။

အစစ်နှင့်မိတ္တူမှန် ဖြစ်ကြောင်း
စစ်ဆေးပြီး
(signature)
အဆင့်ရုံးအမှုထမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100



တရားလိုသည်မည်သည့်သက်သာခွင့်ကိုရထိုက်သနည်း။

တရားလိုဒေါ်လေးလေးမြင့်က တရားပြိုင်အလီလီရယူသွားသောစိန်ထည်လက်ဝတ်ရတနာများ၏စုစုပေါင်းတန်ဖိုးမှာ(၈၉၅၁၀၀၀၀၀)ကျပ်ဖြစ်ပြီး ရောင်းချရသည့်ငွေများထဲမှ တရားပြိုင်မှ(၂၁၅)သိန်းကျပ်ပေးဆပ်ခဲ့ပြီးဖြစ်ကြောင်း တရားပြိုင်မှ(၇၃၈၆၀၀၀၀၀)ကျပ်ဖိုးပေါင်နှံခဲ့ကြောင်း၊တရားပြိုင်ပေးသွင်းငွေ၊ပေါင်နှံငွေများနှုတ်ယူပြီးတရားပြိုင်ထံမှရရန်(၁၂၈၄၀၀၀၀၀)ကျန်ရှိ၍(၁၈-၁၀-၂၀၁၆)ရက်နေ့ နောက်ရက်များတွင် တောင်းခံခဲ့သော်လည်း ယနေ့အချိန်ထိ ပေးဆပ်ခဲ့ခြင်းမရှိကြောင်း တရားပြိုင်မှမိမိအားပေးဆပ်ရန်ကျန်ရှိသောပစ္စည်းစာရင်း(၁၆)မျိုးနှင့်စုစုပေါင်းကျသင့်ငွေ(၁၂၈၄၀၀၀၀၀)ကျပ်စာရင်းကို သက်သေခံ(ဃ)နှင့် စိန်ထည်လက်ဝတ်ရတနာများ၏ဓာတ်ပုံမူရင်း(၅)ပုံကိုသက်သေခံ(စ)မှ(စ-၄)အထိတင်သွင်းကြောင်း၊ တရားပြိုင်မှ မိမိထံမှ ရယူသွားသောပစ္စည်းစာရင်း၊စုစုပေါင်းကျသင့်ငွေ၊ မိမိကိုယ်တိုင်ပြန်လည်ရွေးယူခဲ့သောပစ္စည်းကျသင့်ငွေများအား ထွက်ချက်ရှင်းလင်းပြီး မိမိရရန်ရှိသော(၁၂၈၄၀၀၀၀၀)အား တရားစွဲဆို တောင်းခဲ့ခြင်းဖြစ်ကြောင်းထွက်ဆိုပြီး၊ ပြန်လှန်စစ်မေးရာတွင် တရားပြိုင်က ပစ္စည်း(၉၉)မျိုးယူ၍ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ထိုပစ္စည်း(၉၉)မျိုးစာရင်းကို မိမိကိုယ်တိုင်ရေးသားပြုစုထားခြင်းဖြစ်ကြောင်း၊ ထိုစာရင်းကိုတင်ပြနိုင်ခြင်းမရှိဆိုလျှင် တင်ပြနိုင်ကြောင်းဖြေဆိုခဲ့ပြီး သက်သေခံတင်ပြခဲ့၍ ဒေါ်မိုးမိုးငယ်က တရားပြိုင်ထံမှ စိန်ရွှေရတနာပစ္စည်း(၉၆)မျိုးကို ရောင်းချပေးမည်ဟုပြောဆိုပြီးရယူခဲ့ပြီး အပေါင်ဆိုင်တွင် သိန်း(၂၀၀)ဖြင့်ပေါင်နှံခဲ့ကြောင်း၊ ပေါင်နှံသည့်ပစ္စည်း(၈၃)မျိုးတွင် (၁၆)မျိုးလိုနေကြောင်း၊ ပြန်ရွေးသည့်ပစ္စည်းစာရင်းကိုမတင်ပြ၍ သက်သေခံ(ဃ)လိုအပ်သည့်ပစ္စည်းစာရင်းမှာ မှန်ကန်သည်ဟုမဆိုနိုင်ဟုပြန်လှန်မေးမြန်းခဲ့သည့်အချိန်တွင် တရားလိုဒေါ်လေးလေးမြင့်က ပြန်ရွေးယူသည့်ပစ္စည်းစာရင်းကို အမှုတွင် သက်သေခံအဖြစ်တင်ပြခဲ့သည်ကိုတွေ့ရှိရသည်။ (တရားလိုဒေါ်လေးလေးမြင့်မှ တရားပြိုင်ဖက်၌ပြန်လှန်မေးမြန်းချိန်မှပေးအပ်သည့်ပစ္စည်းစာရင်းနှင့်ပြန်ရွေးယူသည့်ပစ္စည်းစာရင်းကို ထုတ်ဖော်၍ သက်သေခံတင်ခဲ့ရာတွင် သက်သေထွက်ချက်တွင် သက်သေခံအမှတ်(၁)နှင့်(၂) အဖြစ်တင်သွင်းထားသည်ကိုတွေ့ရှိရသည်။)

တရားပြိုင်က မိမိထံမှပစ္စည်းယူသည့်စာရင်းအရ တန်ဖိုးမှာ(၈၉၅၆၀၀၀၀၀)ဖြစ်ပြီး ပြန်လည်ရွေးနုတ်ရယူပြီးသည့်တန်ဖိုးမှာ(၆၈၉၁၀၀၀၀၀)ကျပ်ဖြစ်သည်ဆိုလျှင်ယူသည့်ပစ္စည်းမှာ မှန်ပြီး ပြန်ရွေးထားသည့်ပစ္စည်းမှာတန်ဖိုး(၅၅၁၇၀၀၀၀၀)ကျပ်ဖြစ်ကြောင်းထွက်ဆိုထားသည်။

တရားလိုပြသက်သေဦးစောလွင်(လိုပြ-၁)မှာ တရားလိုဒေါ်လေးလေးမြင့်၏ခင်ပွန်းဖြစ်ပြီး၊ တရားပြိုင်နှင့်တရားလိုတို့အရောင်းအဝယ်ပြုလုပ်ကြသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသော်လည်း ပစ္စည်းအရေအတွက်ငွေပမာဏအတိအကျမသိကြောင်းထွက်ဆိုထားပြီး ပြန်လှန်စစ်မေးရာတွင် တရားလိုက တရားပြိုင်ထံမှ စိန်ထည်ပစ္စည်းဖိုးငွေသိန်း(၁၀၀)ကျော်ရရန်ရှိကြောင်း တရားလို၏ပြောပြချက်အရသိရှိရခြင်းသာဖြစ်ပြီး ပေးအပ်သည့်ပစ္စည်းစာရင်းနှင့်စာရင်းရှင်းရန်ကျန်ငွေအတိအကျသိရှိခြင်းမရှိဆိုလျှင် မှန်ကြောင်းထွက်ဆိုထားသည်။

မိတ္တူမှန် ဖြစ်ကြောင်း
စစ် ဆေး ပြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100



ဒေါ်လွင်မီကို(လိုပြ-၂)နှင့် ဒေါ်ပိုပိုခိုင်(လိုပြ-၃)တို့က ဒေါ်သန်းသန်းတင့်က ဒေါ်လေးလေးမြင့်ထံက စိန်ရွှေရတနာများကိုရယူ၍ ဒေါ်မိုးမိုးငယ်ထံအပ်ပြီးရောင်းချခိုင်းသည်ကို သိပြီး၊ ဒေါ်သန်းသန်းတင့်ထံက ဒေါ်မိုးမိုးငယ်ထံသို့တဆင့်အပ်နှံလိုက်သောစိန်ရွှေရတနာများကို ဒေါ်မိုးမိုးငယ်ကပေါင်ခဲ့သည်ကိုသိရှိကြောင်း၊ ဒေါ်လေးလေးမြင့်၏အစီအစဉ်ဖြင့်ပြန်ရရှိအောင်ဆောင်ရွက်ခဲ့ရာ၌ သက်သေခံ(ဃ)ပစ္စည်း(၁၆)မျိုးငွေကျပ်(၁၂၈၄၀၀၀၀)ဆုံးရှုံးခဲ့သည်ကို တရားလိုက ပြသ၍တွေ့မြင်ကြောင်းထွက်ဆိုသည်။

ဒေါ်မြတ်လေး(ခ)ဒေါ်မြတ်ဝန်းမော်(လိုပြ-၄)က မိမိ၏စိန်ရွှေရတနာပစ္စည်းများကို ဒေါ်လေးလေးမြင့်ထံ ယုံကြည်စွာအပ်နှံ၍ အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း၊ ဒေါ်လေးလေးမြင့်မှ ဒေါ်သန်းသန်းတင့်ထံ အပ်နှံရောင်းချစေခိုင်းခဲ့ရာ၊ ဒေါ်သန်းသန်းတင့်ထံရောက်ရှိနေသော စိန်ရွှေရတနာများကို တောင်ကြီးနေဒေါ်မိုးမိုးငယ်ဆိုသူမှ အလွဲသုံးစားလုပ်၍ပေါင်နှံခဲ့ကြောင်း ဒေါ်လေးလေးမြင့်က ၎င်း၏ငွေစိုက်ထုတ်ရွေးယူနိုင်ရန်ပေါင်နှံသည့်ဘောက်ချာများကို မိမိနှင့် ဒေါ်လေးလေးမြင့်တို့က ဒေါ်သန်းသန်းသတင့်ထံသွား၍တောင်းခံခဲ့ရာ မပေးကြောင်း၊ မိမိနှင့် ဒေါ်လေးလေးမြင့်တို့ ထိုသို့ပေါင်နှံထားခြင်းခံရသည့်စိန်ရွှေရတနာများပြန်လည်ရရှိရေး ရွှေဆိုင်နှင့် အပေါင်ဆိုင်တို့ထံ သွားရောက်ရွေးယူခြင်းကိုစွဆောင်ရွက်နေစဉ် ဦးတင့်လွင်၏ရွှေဆိုင်သို့ ရောက်ရာဦးတင့်လွင်က ဒေါ်သန်းသန်းတင့်အားဖုန်းဆက်ခေါ်သဖြင့် ဒေါ်သန်းသန်းတင့် ရောက်လာချိန်တွင်၊၎င်းနှင့်အတူပစ္စည်းအပေါင်ဘောင်ချာပါရှိလာကြောင်း၊ အပေါင်ဘောင်ချာတွင်ပါရှိသည့်ပစ္စည်းများအတိုင်းဒေါ်လေးလေးမြင့်က၎င်း၏ငွေဖြင့်စိုက်ထုတ်၍ရွေးယူကြောင်း၊ ထိုသို့ဒေါ်လေးလေးမြင့်က ပြန်လည်ရွေးယူရာ၌ စိန်ရွှေရတနာပစ္စည်း(၁၆)မျိုး သိန်း(၁၂၀) ကျော်ကိုပြန်လည်မရွေးယူနိုင် ခဲ့ကြောင်းထွက်ဆိုသည်။

တရားပြိုင်ဒေါ်သန်းသန်းတင့်က ထွက်ဆိုရာတွင် တရားလိုက မိမိအားရောင်းချရန်ပေးခဲ့သည့်ပစ္စည်းများမှာ(၉၉)မျိုးကျသင့်ငွေစုစုပေါင်း(၈၉၅၆၀၀၀၀)ကျပ်ဖြစ်ကြောင်း၊ အဆိုပါပစ္စည်းများကို ကိုယ်တိုင်ရောင်းချခဲ့ခြင်းမဟုတ်ပဲ ဒေါ်မိုးမိုးငယ်က မိမိထံကတဆင့်ယူ၍ ရောင်းချခြင်းဖြစ်ကြောင်း၊ ဒေါ်မိုးမိုးငယ်က မိမိထံမှရယူသွားခဲ့သောပစ္စည်းများအားရောင်းချပြီး အလီလီခွဲပေးသည့်ငွေကျပ်(၂၁၅၆၅၀၀၀)ကို တရားလိုအားပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိထံက မိုးမိုးငယ်ရယူရောင်းချသည့် ပစ္စည်းစာရင်းကိုရေးမှတ်ပြုစုခဲ့ခြင်းမရှိကြောင်း၊ တရားလိုထံမှ ရယူခဲ့သည့်ပစ္စည်းများစာရင်းအတိုင်းဒေါ်မိုးမိုးငယ်အားအပ်ခဲ့ခြင်းဖြစ်၍၊ ဒေါ်မိုးမိုးငယ်ရယူရောင်းချသည့်စာရင်းမှာ တရားလိုရေးမှတ်ပြုစုခဲ့သည့် သက်သေခံ(၁)ပစ္စည်းယူစာရင်းအတိုင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင်ဒေါ်မိုးမိုးငယ်က ၎င်းရယူရောင်းချသည့် ပစ္စည်းဖိုးငွေများ လာရောက်ပေးချေခြင်းမပြုသည့်အတွက်(၈-၇-၂၀၁၆)ရက်နေ့တွင် ဒေါ်တမရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင်ခေါ်ယူညှိနှိုင်းဖြေရှင်းခဲ့ရာ၊ဒေါ်မိုးမိုးငယ်က သက်သေခံ(၃)စာချုပ်ဖြင့် ၎င်းထံမိမိယုံကြည်အပ်နှံထားသောပစ္စည်းများကို ဇဟိုဈေးရှိသပြေရွှေဆိုင်၊ ပွင့်ဖူးရွှေဆိုင်၊ ပါဝါအပေါင်ဆိုင်များတွင် တန်ဖိုးသိန်း(၂၀၀)နှင့်ပေါင်နှံခဲ့ကြောင်းဝန်ခံကတိပြုချုပ်ဆိုပေးခဲ့ကြောင်း၊ ထိုသို့ မိမိသိရှိခြင်းမရှိဘဲ ပေါင်နှံခဲ့သည့်အတွက် ဒေါ်မိုးမိုးငယ်အား အမှုဖွင့်အရေးယူဆောင်ရွက်ရန်

အစစ်နှင့်မိတ္တူမှန် ဖြစ်ကြောင်း
စစ်ဆေးပြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100



သို့ဖြင့်ကော်မြို့မရဲစခန်းသို့တိုင်ကြားခဲ့ကြောင်း၊ ရဲအုပ်ဇော်မင်းဦးကလူမှုရေးအရစောင့်ဆိုင်းပေးရန်ပြောသဖြင့် စောင့်ဆိုင်းပေးစဉ်ကာလအတွင်း ဒေါ်လေးလေးမြင့်နှင့် ဒေါ်မိုးမိုးငယ်တို့(၂)ဦးက ပေါင်နှံထားသည့်ပစ္စည်းများကိုသွားရောက်ရွေးနှုတ်ခဲ့ရာတွင် မိမိအားခေါ်သွားခဲ့ခြင်းမရှိသဖြင့် မည်သည့်ပစ္စည်းပေါင်နှံထားကြောင်း၊ မည်သည့်ပစ္စည်းကိုရွေးနှုတ်ပြီးမည်သည့်ပစ္စည်းများကျန်ကြောင်းမသိကြောင်း၊ ဒေါ်မိုးမိုးငယ်ကပြေလည်သွားပြီဟုပြောသည့်အတွက် အမှုမဖွင့်ခဲ့ကြောင်း၊ ထို့နောက်တစ်ပတ်ခန့်အကြာ တရားလိုကပစ္စည်း(၁၆)မျိုးလိုတယ်လာရောက်ရှင်းလင်းရန် မိမိ၏ဆွေမျိုးများကိုပြောဆိုသည်ကို ပြန်လည်ကြားရကြောင်း၊ မိမိအနေနှင့်မည်သည့်ပစ္စည်းများပေါင်နှံပြီး၊ မည်သည်တို့ကိုရွေးနှုတ်၍ပစ္စည်းဘယ်နှစ်မျိုးကျန်ရှိကြောင်းကိုရင်းတို့သွားရောက်ရွေးနှုတ်စဉ်က မိမိအားခေါ်သွားခြင်းမရှိ၍ မရှင်းခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုကရုံးတော်သို့တင်ပြခဲ့သည့် သက်သေခံ(၁)ပစ္စည်းယူစာရင်း၊ သက်သေခံ(၂)ပြန်ရွေးပစ္စည်းစာရင်းနှင့်သက်သေခံ(ဃ)လိုအပ်ပစ္စည်းစာရင်းများကို တိုက်ဆိုင်စစ်ဆေးသည့်အခါတွင် ပြန်ရွေးပစ္စည်းစာရင်း၌(၁၇-၅-၂၀၁၆)ရက်စွဲဖြင့် ပလက်တီနန်ဆွဲကြိုးအလတ်(၉)သိန်းနှင့် အသေး(၆သိန်း ၅သောင်း)ကိုပြန်လည်ရွေးနှုတ်ပြီးကြောင်းစာရင်းဖော်ပြထားသော်လည်း သက်သေခံ(ဃ)လိုအပ်ပစ္စည်းစာရင်းတွင် ထိုပစ္စည်းကိုဖော်ပြရေးမှတ်ထားကြောင်း၊ တရားလိုထံက ရောင်းချပေးရန် မိမိရယူခဲ့သည့်ပစ္စည်းများ၏စုစုပေါင်းတန်ဖိုးမှာ(၈၉၅၆၀၀၀၀)ကျပ်ဖြစ်ပြီး၊ ဒေါ်မိုးမိုးငယ်မှ တရားလိုထံပြန်လည်အပ်နှံသည့်ပစ္စည်းများ၏တန်ဖိုးငွေမှာ စုစုပေါင်း(၆၈၉၀၀၀၀၀)ကျပ်ဖြစ်ကြောင်း၊ တရားလိုထံပေးချေခဲ့သည့်ငွေကျပ်(၂၁၅၆၅၀၀၀)ကျပ်ဖြစ်၍ တရားလိုမှပေးရန်ကျန်သောငွေမှာ(၉၁၅၀၀၀)ကျပ်သာဖြစ်ကြောင်းထွက်ဆိုထားသည်။

ဦးခင်ဦး(ပြိုင်ပြ-၁)မှာ ဒေါတမအုပ်ချုပ်ရေးမှူးဖြစ်ပြီး ဒေါ်သန်းသန်းတင့်ထံမှ ဒေါ်မိုးမိုးငယ်မှ စိန်ထည်(၉၆)မျိုးယူဆောင်သွား၍ အပေါင်ဆိုင်များတွင် ပေါင်နှံကြောင်း ပြန်ရွေးပေးမည်ဖြစ်ကြောင်းပြောဆိုဝန်ခံကတိစာချုပ် သက်သေခံ(၃)ကိုချုပ်ဆိုခဲ့ကြောင်းထွက်ဆိုသည်။

ဦးထွန်းရောင်(ပြိုင်ပြ-၂)မှာ ထိပ်တန်းရွှေဆိုင်ဖွင့်လှစ်ပြီး မိမိဆိုင်မှစိန်ရွှေရတနာပစ္စည်းကိုယူ၍ ဖားဆောင်းတွင်ရောင်းသူ မသန်းသန်းတင့်ဟုပင်သိသူ (မမိုးမိုးငယ်)က မိမိဆိုင်မှယူရောင်းသည့် စိန်ရွှေရတနာဖိုးကိုမပေးချေနိုင်၍ အာမခံအနေဖြင့်(၆၆)သိန်းခန့်တန်ဖိုးရှိသည့် စိန်ရွှေရတနာပစ္စည်းအရေအတွက်မမှတ်မိကိုပေးခဲ့ကြောင်း၊ နောက်ပိုင်းဒေါ်မိုးမိုးငယ်နှင့် ဒေါ်လေးလေးမြင့်တို့ရောက်လာပြီး ဒေါ်လေးလေးမြင့်ပိုင်ပစ္စည်းများဖြစ်ကြောင်းပြော၍ ပြန်လည်ရွေးနုတ်ခဲ့ကြောင်း၊ ထိုသို့ပစ္စည်းရွေးနုတ်ရာတွင် ငွေအကြေပေးချေခြင်းမရှိဘဲ ငွေကျပ်(၂၅)သိန်းကျန်သည့်အတွက်(၁၄-၉-၂၀၁၆)ရက်နေ့တွင် ဒေါ်မိုးမိုးငယ်နှင့်နှစ်ဦးသဘောတူငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်သက်သေခံ(၄)ကိုချုပ်ဆိုခဲ့ပြီး သက်သေအဖြစ်ဒေါ်လေးလေးမြင့်ကလက်မှတ်ရေးထိုးခဲ့ကြောင်းထွက်ဆိုသည်။

ဦးတင့်လွင်(ပြိုင်ပြ-၃)က မိမိမှာသပြေရွှေဆိုင်ဖွင့်ထားပြီး ဒေါ်မိုးမိုးငယ်က စိန်ထည်ပစ္စည်း(အရေအတွက်မမှတ်မိ)ကိုပေးအပ်ပြီး ငွေကျပ်သိန်း(၇၀)ချေးယူခဲ့ကြောင်း၊ နောက်

မှန်ကန်ကြောင်း
(၁၃၊၁၂၊၂၀၁၇)

အာဝန်ခံမိတ္တူမှန် ဖြစ်ကြောင်း
စစ်ဆေးပြီး

အမှုဆိုင်ရာအမှုထမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100



ပိုင်း ထိုစိန်ထည်ပစ္စည်းများမှာ ဒေါ်လေးလေးမြင့်မှ ဒေါ်သန်းသန်းတင့်ထံရောင်းချခိုင်းထားသည့်ပစ္စည်းများဖြစ်ပြီး ဒေါ်သန်းသန်းတင့်ထံက ဒေါ်မိုးမိုးငယ်ကရောင်းချပေးမည်ဟုပြော၍ ရယူပြီး မိမိထံပေါင်နှံခဲ့ခြင်းဖြစ်သည်ဟုသိရကြောင်း၊ ပစ္စည်းပေးအပ်ပြီး ငွေချေးစဉ်က ဖြတ်ပိုင်းသဘောမျိုးဖြင့် စာအိတ်တွင်မမိုး၊ မငယ်၊ ဒေါ်မြ၊ ဒေါ်ငယ်စသဖြင့်အပ်နှံသည့်ပစ္စည်းနှင့် ရယူသည့်ငွေတို့ကိုရေးသား၍ လက်မှတ်ထိုးပေးခဲ့ကြောင်း၊ ဒေါ်မိုးမိုးငယ်က မိမိထံအပ်နှံထားသောစိန်ထည်ပစ္စည်းများကို ပြန်လည်ရယူပြီး ပိုင်ရှင်ဒေါ်လေးလေးမြင့်ထံပေးအပ်ရာတွင် ချေးထားသောငွေကိုပေးဆပ်ခြင်းမပြုသဖြင့် ရယူထားသည့်ငွေပမာဏကို သက်သေခံ(၃)နှစ်ဦးသဘောတူယုံကြည်အပ်နှံရေးစာချုပ်ကို မိမိနှင့်ဒေါ်မိုးမိုးငယ်တို့ချုပ်ဆိုခဲ့ကြောင်းထွက်ဆိုထားသည်။

ဒေါ်မိုးမိုးငယ်(ပြိုင်ပြ-၄)က တရားပြိုင်ဒေါ်သန်းသန်းတင့်ထံက စိန်ရွှေရတနာပစ္စည်းပေါင်း(၉၀)ကျော်ကိုယူ၍ရောင်းချခဲ့ရာတွင် ပစ္စည်းအမျိုးပေါင်း(၂၀)ကျော်ကိုရောင်းချခဲ့ပြီး(၇၀)ကျော်ကို သပြေရွှေဆိုင်၊ ဦးဝလုံးရွှေဆိုင်၊ ယိုးဒယားရွှေဆိုင်၊ ထိပ်တန်းရွှေဆိုင်၊ ဘရဏီရွှေဆိုင်၊ပါဝါအပေါင်ဆိုင်တို့တွင်ငွေကျပ်သိန်း(၃၀၀)ကျော်ဖြင့်ပေါင်ခဲ့ကြောင်း၊ ယင်းနောက်တရားပြိုင်သိရှိသွားသဖြင့် လှိုင်ကော်မြို့မရဲစခန်းတွင် အမှုဖွင့်ရန်ဆောင်ရွက်ခဲ့သည့်အတွက်ပစ္စည်းပိုင်ရှင်ဒေါ်လေးလေးမြင့်နှင့်မိမိတို့ရွှေဆိုင်ပိုင်ရှင်များနှင့်ညှိနှိုင်းပြီး ပေါင်နှံခဲ့သည့်ပစ္စည်းများအားလုံးကိုပြန်လည်ရွေးနုတ်၍ပိုင်ရှင်ဒေါ်လေးလေးမြင့်ထံပြန်လည်ပေးအပ်ခဲ့ရာတွင် ဦးဝလုံးရွှေဆိုင်မှ စိန်ရွှေပစ္စည်း(၅)မျိုးကိုရွေးနုတ်ပြီး တရားလိုထံပေးအပ်ခဲ့ကြောင်း ဦးဝလုံးကငွေမယူပဲ ပစ္စည်းပြန်အပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဦးတင့်လွင်ရွှေဆိုင်တွင် စိန်ရွှေရတနာပစ္စည်း(၄၅)မျိုးကို ငွေကျပ်(၈၅၂၀၀၀၀)ကျပ်နှင့်ပေါင်နှံခဲ့ပြီး မိမိကပြန်လည်ရွေးနုတ်ခဲ့ရာတွင် ငွေအကြေပေးချေခြင်းမရှိသဖြင့် ရွှေဆိုင်ပိုင်ရှင်ဦးတင့်လွင်နှင့် မိမိတို့ကြားတွင် သိန်း(၇၀)ဖြင့် ယုံကြည်အပ်နှံခြင်း သက်သေခံ(၃)စာချုပ်ကိုချုပ်ဆိုခဲ့ကြောင်း၊ ယိုးဒယားရွှေဆိုင်တွင်ပေါင်နှံခဲ့သောစိန်ရွှေရတနာ(၅)မျိုးကို မိမိပိုင်ဆိုင်သည့် စိန်ထည်ပစ္စည်း(၄)မျိုးနှင့် လဲလှယ်ရွေးနုတ်၍ တရားလိုသို့ပေးအပ်ခဲ့ကြောင်း၊ ထိပ်တန်းရွှေဆိုင်တွင်ပစ္စည်း(၂၈)မျိုးလုံးပေါင်နှံခဲ့ပြီး ပြန်ရွေး၍ တရားလိုထံပြန်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ရွေးနုတ်ရာတွင် မိမိပေးချေရန် ကျန်သည့် ငွေကျပ်(၂၅)သိန်းကို ဦးထွန်းရောင်နှင့် မိမိနှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်သက်သေခံ(၄) ပြုလုပ်ချုပ်ဆိုခဲ့ကြောင်း၊ ပါဝါအပေါင်ဆိုင်တွင်လက်စွပ်(၂)ကွင်း၊ ဆွဲသီး(၂)ခုကို(၄၅၀၀၀၀)ကျပ်ဖြင့် ပေါင်နှံခဲ့ပြီး၊ ထိုပစ္စည်းကို ပြန်လည်ရွေးနုတ်ပေးခဲ့ရခြင်းမရှိကြောင်း၊ ဘရဏီရွှေဆိုင်တွင်ပေါင်နှံခဲ့သော လက်စွပ်(၇)ကွင်း၊ ဆွဲသီး(၁)ခု၊ နားကပ်(၁)ရံတို့ကိုပေါင်နှံခဲ့ပြီး ယင်းပစ္စည်းများကို တရားလို ကိုယ်တိုင်သွားရောက်ရွေးနုတ်ခဲ့ကြောင်းထွက်ဆိုပြီး၊ ဦးတင့်လွင်ရွှေဆိုင်၊ ယိုးဒယားရွှေဆိုင်၊ ဦးဝလုံးရွှေဆိုင်တို့မှ မိမိပေါင်နှံခဲ့သောစိန်ရွှေရတနာပစ္စည်းများကိုပြန်လည်ရွေးနုတ်ပြီး ဒေါ်လေးလေးမြင့်ထံ ပြန်လည်ပေးအပ်ထားသည့် စာရင်းစာအုပ်ကို သက်သေခံ(၆)အဖြစ်တင်သွင်း၍ ပေါင်နှံခဲ့သည့်ဘောင်ချာ(၁၆)ရွက်နှင့်ဘောင်ချာအစားထိုး စာအိတ်(၂၀)ကို သက်သေခံ(၇)မှ (၄၀)အထိတင်သွင်းခဲ့သည်။

မိတ္တူမှန် ဖြစ်ကြောင်း
... ပြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100



အမှုတွင် တရားလို ဒေါ်လေးလေးမြင့်ကိုစစ်ဆေးစဉ် တရားပြိုင်မှ သက်သေခံတင်သွင်းပေးရန်ညွှန်ပြ၍ သက်သေခံ(၁)အဖြစ်တင်သွင်းခဲ့သောစာရင်းမှာ တရားလို ဒေါ်လေးလေးမြင့်ထံက တရားပြိုင်ရောင်းချရန်ရယူခဲ့သည့် စိန်ရွှေပစ္စည်းအမျိုး(၉၉)မျိုး၏ အမျိုးအမည်၊ ငွေပမာဏ စုစုပေါင်းတန်ဖိုး(၈၉၅၆၀၀၀၀)အားဖော်ပြ၍ တရားလို ဒေါ်လေးလေးမြင့်ကိုယ်တိုင်ရေးမှတ်ထားသည့်စာရင်းဖြစ်၍၊ သက်သေခံ(၂)စာရင်းမှာ ပြန်လည်ရွေးနုတ်သည့်ပစ္စည်း(၈၃)မျိုး၏အမျိုး၊အမည်၊ငွေပမာဏစုစုပေါင်း၊(၇၃၈၆၀၀၀၀)ကိုဖော်ပြထားသည့်စိန်ရွှေထည်ပစ္စည်းစာရင်းဖြစ်သည်။

အဆိုပါသက်သေခံ(၁)နှင့်(၂)ပစ္စည်းစာရင်းကိုတရားလိုတရားပြိုင်နှစ်ဖက်အငြင်းမပွားပေ။

သို့ဖြစ်၍ အဆိုပါပေးအပ်သည့်ပစ္စည်းစာရင်း သက်သေခံ(၁)စာရင်းမှ ရွေးနုတ်သည့်ပစ္စည်းစာရင်း သက်သေခံ(၂)မှ ပစ္စည်းများကိုဖယ်ထုတ်သည့်အခါ တွင် ကျန်ရှိသည့်ပစ္စည်း (၁၆)မျိုးမှာအောက်ပါအတိုင်းဖြစ်သည်။

| စဉ် | နေ့စွဲ | ပစ္စည်းအမျိုးအစားအရေအတွက် | သင့်ငွေ |
|---|---|---|---|
| ၁။ | ၂၆-၃-၂၀၁၆ | ချယ်ဝိုင်းနားကပ်(၁)ရံ | ၇၀၀၀၀၀ |
| ၂။ | ၃၀-၃-၂၀၁၆ | Y-L စကြာပုံလက်စွပ်(၁)ကွင်း | ၄၅၀၀၀၀ |
| ၃။ | ၃၀-၃-၂၀၁၆ | ကြယ်(၂)လိမ်လက်စွပ်(၁)ကွင်း | ၃၅၀၀၀၀ |
| ၄။ | ၁၀-၄-၂၀၁၆ | P-P စိန် နားကပ် | ၄၅၀၀၀၀ |
| ၅။ | ၁၆-၅-၂၀၁၆ | အသဲပုံ(ဆေး)ဆွဲသီး(၁)ခု | ၄၅၀၀၀၀ |
| ၆။ | ၁၈-၅-၂၀၁၆ | ချယ်ဖြူဝိုင်း(နက)ဆွဲသီး(၁)ခု | ၇၅၀၀၀၀ |
| ၇။ | ၁၈-၅-၂၀၁၆ | စိန်ဖန်စီဆွဲသီး(၁)ခု | ၈၅၀၀၀၀ |
| ၈။ | ၁၈-၅-၂၀၁၆ | စိန်ကြယ်ပုံလက်စွပ်(၁)ကွင်း | ၅၀၀၀၀၀ |
| ၉။ | ၉-၆-၂၀၁၆ | L-Pဘေးစိန်ပါလက်စွပ်(၁)ကွင်း | ၅၅၀၀၀၀ |
| ၁၀။ | ၁၉-၆-၂၀၁၆ | 4L8P ကြီး နားကပ် | ၆၅၀၀၀၀ |
| ၁၁။ | ၁၉-၆-၂၀၁၆ | စိန်မြတန်းကွင်းလက်စွပ် | ၆၅၀၀၀၀ |
| ၁၂။ | ၁၉-၆-၂၀၁၆ | 9P ရန်အောင်လက်စွပ် | ၁၃၀၀၀၀၀ |
| ၁၃။ | ၁၉-၆-၂၀၁၆ | စိန်ဖန်စီ P-T ဆုတ် | ၃၅၀၀၀၀ |
| ၁၄။ | ၁၇-၅-၂၀၁၆ | ပလက်တီနမ်ကြိုး | ၁၀၀၀၀၀၀ |
| ၁၅။ | ၅-၄-၂၀၁၆ | အရွှေဘိုး ရွှေ | ၆၄၀၀၀၀၀ |
| ၁၆။ | ၁၉-၆-၂၀၁၆ | စိန်တန်းကွင်း လတ်(၅) | ၁၂၀၀၀၀၀ |

သို့ဖြစ်၍ရွေးရန်ကျန်ရှိသည့် ပစ္စည်း(၁၆)မျိုး၏တန်ဖိုးမှာ (၁၅၆၅၀၀၀၀) ဖြစ်ကြောင်း တွေ့ရှိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100



ဒေါ်မိုးမိုးငယ်မှ တရားပြိုင်ထံမှ ရောင်းချရန်အတွက်ရယူခဲ့သည့်ပစ္စည်းများကို ပေါင်းနှံခဲ့ရာတွင် ပြန်ရွေးယူခဲ့သည့်ပစ္စည်းစာရင်း သက်သေခံ(၁)စာရင်းတွင်ပြန်လည်ရွေးယူခဲ့သည့်ပစ္စည်း(၈၃)မျိုး၏တန်ဖိုးမှာ(၇၃၈၆၀၀၀၀)ဖြစ်သည်။

အဆိုပါဒေါ်မိုးမိုးငယ်နှင့်တရားလိုဒေါ်လေးလေးမြင့်တို့ပြန်လည်ရွေးယူခဲ့သည့် ပစ္စည်း(၈၃)မျိုးတွင် တရားလိုဒေါ်လေးလေးမြင့်တို့ပြန်လည်ရွေးယူခဲ့သည့်ပစ္စည်းများရှိကြောင်း ဒေါ်မိုးမိုးငယ်(ပြိုင်ပြ-၃)၏ထွက်ဆိုချက်အရတွေ့ရှိရသည်။

ဒေါ်မိုးမိုးငယ်၏ထွက်ဆိုချက်နှင့်သက်သေတင်ပြသည့် သက်သေခံ(၆)စာအုပ်တို့အရ တရားလိုဒေါ်လေးလေးမြင့်စိုက်ထုတ်ရွေးယူခဲ့သည့်ငွေပမာဏကိုစိစစ်ရာတွင် ထိပ်တန်းရွှေဆိုင်မှပစ္စည်း(၂၈)မျိုး ရွေးယူခဲ့ရာတွင် ဒေါ်လေးလေးမြင့်စိုက်ငွေ ကျပ်(၁၀၀၀၀၀)၊ အပြင်ရွေး လ/စ ၁- ပုလဲနားကပ်(၁) အတွက်ကျပ်(၂၃၀၀၀၀)၊ ပေါင်း(၁၂၃၀၀၀၀)၊ ဦးစွပ်ထံရွေးငွေ(၁၆၈၀၀၀၀) ဟု သက်သေခံ(၆)စာအုပ်တွင်ဖော်ပြရေးသားထားသည်ကိုတွေ့ရသည်။ (17-7-2016) ဆွဲသီး(3) 1250000၊ ဖြူစွပ်(3)550000+ဖြူကက်(2)+ဖြူစွပ်(3) 600000 ၊ ဖြူသီး (2)550000(10)မျိုးပေါင်း(2950000)၊(8-7-2016) ပျားအုံဆွဲသီးကြီး(1)625000 ၊ (15-7-16) ရွှေမြင့်မိုရ်ရွှေဆိုင်ရွေး 55000 ဟုဖော်ရေးသားထားသည်။ သို့ဖြစ်၍ ဒေါ်လေးလေးမြင့်စိုက်ထုတ်ရွေးခဲ့သည့်ငွေစုစုပေါင်း 7035000 ဖြစ်သည်။ ပေးသည့်စရံငွေ(၈၉၅၀၀၀၀၀) အနက်ရွေးပစ္စည်းဖိုးငွေ(၇၃၈၆၀၀၀၀)နုတ်၍ ကျန်ပစ္စည်းဖိုးငွေ(၁၅၆၅၀၀၀၀)ဖြစ်သည်။ သို့ဖြစ်၍ သက်သေခံ(၁)ပစ္စည်း(၉၉)မျိုးအနက် (၁၆)မျိုးကျန်ရှိသည့်တန်ဖိုးမှာလည်း(၁၅၆၅၀၀၀၀)ဖြစ်ကြောင်းလည်းပေါ်ပေါက်သည်။

တရားပြိုင်ဒေါ်သန်းသန်းတင့်က တရားလိုဒေါ်လေးလေးမြင့်သို့ပေးရန်ကျန်ငွေမှာ(၉၁၅၀၀၀)သာဖြစ်ကြောင်းချေပထားပြီး တရားလိုဒေါ်လေးလေးမြင့်က ပစ္စည်း(၁၆)မျိုးအတွက် ရရန်ကျန်ငွေ(၁၂၈၄၀၀၀)ဖြစ်သည်ဟုတင်ပြထားသည်။ သို့ရာတွင် တရားလိုနှင့် တရားပြိုင်တို့အနေနှင့် မိမိတင်ပြသည့်ငွေပမာဏအပေါ်တွင် ကိုက်ညီသည့်စာရင်းတင်ပြနိုင်ခြင်းမရှိပေ။

[illegible]

အမှုတွင် တရားလိုနှင့်တရားပြိုင်နှစ်ဖက်အငြင်းမပွားကြသည့် သက်သေခံ(၁) ပစ္စည်း(၉၉)မျိုးကျသင့်ငွေကျပ်(၈၉၁၀၀၀၀၀)၊ သက်သေခံ(၂)ရွေးယူခဲ့ပြီးဖြစ်သည့် ပစ္စည်း(၈၃) မျိုး ကျသင့်ငွေကျပ်(၇၃၈၆၀၀၀၀)ဖြစ်သည်ဆိုသော အချက်နှင့် တရားပြိုင်မှ တရားလိုသို့ ပေးချေပြီး ငွေကျပ်(၂၁၅)သိန်းဖြစ်သည်ဆိုသည့်အချက်မှာလည်းအငြင်းမပွားပေ။

ပစ္စည်း(၈၃)မျိုး ရွေးနုတ်ခဲ့ရာတွင် ပစ္စည်းများကိုပေါင်နှံခဲ့ပြီး၊ ရွေးနုတ်ခဲ့သူမမိုးမိုးငယ်၏ထွက်ချက်နှင့် ၎င်းတင်ပြသည့်သက်သေခံ(၆)စာရင်းစာအုပ်တွင်ရေးမှတ်ဖော်ပြထားချက်အရတရားလိုမှစိုက်ထုတ်ရွေးငွေကျပ်(၇၀၃၅၀၀၀)ဖြစ်ကြောင်းပေါ်ပေါက်နေသည့်အတွက် ပစ္စည်း(၁၆) မျိုးအတွက် ရရန်ကျန်ငွေ(၁၅၆၅၀၀၀၀)နှင့်ပေါင်းပါက (၂၂၆၈၅၀၀၀)ဖြစ်သည်။ အဆိုပါရရန်စုစုပေါင်းငွေ(၂၂၆၈၅၀၀၀)မှ၊ တရားလိုထံ တရားပြိုင်ကပေးသွင်းခဲ့သည့်ငွေ(၂၁၅၀၀၀၀၀)ကိုနုတ်ပါက ဒေါ်လေးလေးမြင့်အနေနှင့် တရားပြိုင်ဒေါ်သန်းသန်းတင့်ထံမှ ရရန်ကျန်ငွေစုစုပေါင်းမှာငွေကျပ်(၁၁၈၅၀၀၀)ဖြစ်သည်။

[illegible] မိတ္တူမှန် ဖြစ်ကြောင်း [illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100



သို့ဖြစ်၍ငြင်းချက်(၁) တရားပြိုင်သည် တရားလိုထံမှရောင်းချပေးရန်ရယူထားသောစိန်ထည်လက်ဝတ်ရတနာဖိုးများအနက်(၁၂၈၄၀၀၀၀)ကျပ်ပေးရန်ကျန်ရှိနေသည်ဆိုခြင်းမှာ မှန်ပါသလားဆိုသည့်ငြင်းချက်နှင့်

(သို့မဟုတ်)

တရားပြိုင်သည် တရားလိုထံအပ်နှံခဲ့သည့်တန်ဖိုးငွေကျပ်(၈၉၅၆၀၀၀၀)တန်ဖိုးရှိပစ္စည်းများအနက် ငွေကျပ်(၆၈၉၁၀၀၀၀)တန်ဖိုးရှိပစ္စည်းများကို တရားလိုထံပြန်လည်အပ်နှံပေးခဲ့ပြီး၊ ပစ္စည်းဖိုးငွေကျပ်(၂၁၅၆၅၀၀၀)ကိုပေးချေခဲ့ပြီးဖြစ်၍ ပေးဆပ်ရန်ကျန်ငွေများမှာ(၉၁၅၀၀၀)သာကျန်ရှိသည်ဆိုခြင်းမှာမှန်ပါသလားဆိုသည့် ငြင်းချက်တို့ကို မမှန်ကြောင်းဖြေကြားလိုက်သည်။

တရားလိုဒေါ်လေးလေးမြင့်အနေဖြင့် တရားပြိုင်ဒေါ်သန်းသန်းတင့်အား သက်သေခံ(၁)စာအုပ်ပါစိန်ရွှေရတနာ(၉၉)မျိုး စုစုပေါင်းတန်ဖိုး(၈၉၅၁၀၀၀၀)ကျပ်ဖိုးပေးအပ်ခဲ့ပြီး၊ တရားပြိုင်မှရောင်းချရန် ထပ်ဆင့်ပေးအပ်ခဲ့သူဒေါ်မိုးမိုးငယ်(ပြိုင်ပြ-၄)က အဆိုပါပစ္စည်းများကို ပေါင်နှံခဲ့သည့်အတွက် သက်သေခံ(၂)စာရင်းပါပစ္စည်း(၈၃)မျိုးစုစုပေါင်းတန်ဖိုးကျပ်(၇၃၈၆၀၀၀၀)ကိုရွေးနုတ်ခဲ့ရခြင်းဖြစ်သည်။ ယင်းသို့ပစ္စည်း(၈၃)မျိုးရွေးနုတ်ရာတွင် ဒေါ်လေးလေးမြင့်မှ စိုက်ထုတ်ရွေးနုတ်ခဲ့ရသည့်ငွေမှာကျပ်(၇၀၃၅၀၀၀)နှင့် သက်သေခံ(၁)စာရင်းပါပေးအပ်ခဲ့သည့် ပစ္စည်းများကိုရွေးနုတ်ရာတွင်ပါဝင်ခြင်းမရှိသည့် ပစ္စည်း(၁၆)မျိုး၊ စုစုပေါင်းတန်ဖိုး ကျပ်(၁၅၆၅၀၀၀၀) ကို ဒေါ်လေးလေးမြင့်မှရရန်ရှိနေကြောင်းပေါ်ပေါက်သည်။

တရားလိုဒေါ်လေးလေးမြင့်က တရားပြိုင်ဒေါ်သန်းသန်းတင့်သို့ သက်သေခံ(၁) ပစ္စည်း(၉၉)မျိုးကို ပေးအပ်ရောင်းချခဲ့ရာတွင် ငွေကျပ်(၂၁၅၀၀၀၀)လက်ခံရရှိပြီးဖြစ်ကြောင်း တရားလို၏ထွက်ချက်အရပေါ်ပေါက်သည်။

ထို့ကြောင့် တရားလိုဒေါ်လေးလေးမြင့်အနေနှင့် တရားပြိုင်ဒေါ်သန်းသန်းတင့်ထံပေးအပ်ခဲ့သည့်ပစ္စည်း(၉၉)မျိုးအနက် ပစ္စည်း(၁၆)မျိုးနှင့် ပစ္စည်း(၈၃)မျိုးကိုရွေးစဉ်က စိုက်ထုတခဲ့ရသည့်ငွေကို တရားပြိုင်ဒေါ်သန်းသန်းတင့်မှပေးအပ်ရာတွင် တရားလိုဒေါ်လေးလေးမြင့်ကလက်ခံရယူခဲ့သည့်ငွေကျပ်(၂၁၅၀၀၀၀)မှထုတ်နုတ်ပါက ရရန်ကျန်ငွေ(၁၁၈၅၀၀၀)ဖြစ်ကြောင်းတွေ့ရှိရသည်။

တရားလိုဒေါ်လေးလေးမြင့်အနေနှင့် (၁၈-၁၀-၂၀၁၆)နေ့မှစ၍ပေးအပ်ထားသည့်ပစ္စည်းများကိုပြန်လည်ပေးအပ်ရန်တောင်းဆိုသော်လည်း ပြန်လည်မပေးကြောင်း တရားပြိုင်ပေးအပ်ခဲ့သည်ဆိုပါက ၎င်းစိန်ဖိုး၏(၂)ဆမကအမြတ်ငွေကြေးများစွာရမည်ဖြစ်ကြောင်းတင်ပြ၍ နစ်နာကြေးငွေ(၁၂၁၆၀၀၀၀)စုစုပေါင်းငွေကျပ်သိန်း(၂၅၀)ရလိုကြောင်းတောင်းဆိုထားသည်။ သို့ရာတွင် တရားလိုအဖြစ်ထွက်ဆိုခဲ့ရာတွင် တရားလိုအနေနှင့်မည်သို့ နစ်နာမှုရှိခဲ့သည်ဆိုသည့်အချက်ကိုထွက် ဆိုထားခြင်းမရှိပေ။

တရားပြိုင်ဒေါ်သန်းသန်းတင့်က တရားလိုဒေါ်လေးလေးမြင့်အနေနှင့် စိန်ရွှေရတနာပစ္စည်း(၉၉)မျိုးကို တရားပြိုင်သို့အပ်နှံ၍ ရောင်းချစေခဲ့ရာတွင်ရောင်းချနိုင်ခဲ့သည့်ပစ္စည်းများပေါ်တွင်အမြတ်အစွန်းတင်ပြီးမှ ရောင်းနိုင်ခြင်းဖြစ်ကြောင်း၊ ရောင်းချပေးခဲ့သည့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100



ပစ္စည်းအပေါ် ပွဲစားခ(၆)သိန်းကျော်ကိုလည်း ပေးခဲ့ခြင်းမရှိကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

သို့ရာတွင် တရားလိုအနေနှင့် ငွေတန်ဖိုး(၈၉၅၀၀၀၀)ကျပ်ဖိုးရှိစိန်ရွှေရတနာ ပစ္စည်းများကို တရားပြိုင်သို့ ပေးအပ်ထားပြီး၊ တရားပြိုင်အနေနှင့် ငွေကျပ်(၂၁၅)သိန်းသာ ပေးချေခဲ့ပြီးနောက် ပစ္စည်းများကိုလည်း ပြန်လည်အပ်နှံခဲ့ခြင်းမရှိပဲ တရားပြိုင်မှတဆင့် အပ်နှံရောင်းချစေခဲ့သူ ဒေါ်မိုးမိုးငယ်မှပေါင်နှံခဲ့မှုအပေါ် ပစ္စည်းများကိုလိုက်လံရွေးခဲ့ရခြင်း၊ ယင်းသို့ရွေးနှုတ်ခဲ့ရာတွင်လည်းငွေအချို့အဝက်စိုက်ထုတ်ရွေးနုတ်ရခြင်းတို့ပြုခဲ့ရခြင်းမှာလည်း အငြင်းမပွားပေါ်ပေါက်နေ၍ တရားလိုတွင်ထိုက်သင့်သည့်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်ဟု သုံးသပ်ရသည်။ သို့ဖြစ်၍ တရားလိုအနေနှင့်နစ်နာမှုရှိခဲ့သည့်အပေါ်ရုံးတော်က သတ်မှတ်သည် သင့်သည့်အတိုးကိုရထိုက်ခွင့်ရှိသည်ဟုသုံးသပ်ရပေသည်။

ထို့ကြောင့် ငြင်းချက်(၂) တရားလိုသည်တရားပြိုင်ထံမှ စိန်ထည်ပစ္စည်းဖိုးငွေ ကျပ်(၁၂၈၄၀၀၀၀)နှင့်နစ်နာကြေးငွေ(၁၂၁၆၀၀၀၀)ကျပ် စုစုပေါင်းငွေကျပ်(၂၅၀)ရထိုက်ခွင့်ရှိ သည်ဆိုခြင်းမှာမှန်ပါသလားဆိုသည့်ငြင်းချက်ကို မမှန်ကြောင်းတရားလိုသည် တရားပြိုင်ထံက ရရန်ကျန်ငွေ ကျပ်(၁၁၈၅၀၀၀)နှင့် ရုံးတော်ကသတ်မှတ်သည့် ၉%တိုးနှုန်းကိုရထိုက်ခွင့်ရှိ သည်ဟု ဖြေကြားလိုက်သည်။

ငြင်းချက်(၃) တရားလိုသည်မည်သည့်သက်သာခွင့်ကိုရထိုက်သနည်း။

အထက်တွင်ငြင်းချက်(၁)နှင့်(၂)ကိုဖြေဆိုပြီးဖြစ်သည့်အတွက် တရားလိုသည် တရားပြိုင်ထံက ငွေကျပ်စုစုပေါင်းကျပ်(၁၁၈၅၀၀၀)ကျပ်ကိုစရိတ်နှင့်တကွရထိုက်ခွင့်ရှိကြောင်း နှင့် ယင်းဒီကရီကျငွေအပေါ် တရားစွဲဆိုသည့်(၁၇-၁-၂၀၁၇)နေ့မှ ဒီကရီကျငွေအပြေအကြေပေး ဆပ်သည့်နေ့အထိတစ်နှစ်လျှင် ၉% တိုးနှင့်ရထိုက်ခွင့်ရှိသည်ဟုဖြေကြား၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်။

## အမိန့်

တရားလိုဒေါ်လေးလေးမြင့်သည် တရားပြိုင်ဒေါ်သန်းသန်းတင့်ထံက ငွေကျပ် (၁၁၈၅၀၀၀)ကျပ်ကိုစရိတ်နှင့်တကွရထိုက်စေရန်နှင့် ယင်းငွေအပေါ်တရားစွဲဆိုသည့်(၁၇-၁-၂၀၁၇)နေ့မှစ၍ အပြေအကြေပေးဆပ်သည့်နေ့အထိ တစ်နှစ်လျှင် ၉%အတိုးကိုရထိုက်ခွင့်ရှိ ကြောင်း ဒီကရီချမှတ်လိုက်သည်။

ရှေ့နေစရိတ်(၁၀၀၀၀)ကျပ်သတ်မှတ်သည်။

( ညွန့်ညွန့်ဝင်း )
ခရိုင်တရားသူကြီး
လှိုင်ကော်ခရိုင်တရားရုံး

မူရင်းနှင့်မိတ္တူမှန်ကြောင်း
စစ်ဆေးပြီး

၁။ လျှောက်ထားသည့်ရက် ... ၂၄-၈-၂၀၁၉

၂။ တွက်ချက်ထားသော အခငွေကို လျှောက်ထားသူအား အကြောင်းကြားသည့်ရက် ... ၂၇-၈-၂၀၁၉

၃။ အခငွေနှင့် စာရွက်များ ပေးသွင်းပြီးနောက် အမှုနိုင်၏ လျှောက်ထားသူ [illegible] ၂၇-၈-၂၀၁၉

၄။ မိတ္တူ [illegible] ၄-၉-၂၀၁၉

၅။ လျှောက်ထားသူ [illegible] ၄-၉-၂၀၁၉

၆။ ကျသင့် [illegible] ပြား မရပ်နား)...

(ကျပ်ငါးထောင်ကျပ်တိတိ)

၇။ အက်ဆေးခံလက်မှတ် အမှတ်စဉ် ၁၄၄-

အဝင်စာ ။